# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 11, 2020 Volume 34, Number 6


**၁၁.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၀၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၃၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၄/- ကျပ် |
| CBM Rate | = ၁၃၆၅.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၇.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၉၂.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၂.၂၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၄၆ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရွှေဘိုမြို့ အမှတ်(၅)ရပ်ကွက်ရှိ လူငယ်ဖွံ့ဖြိုးရေးစခန်းသို့ရောက်ရှိပြီး ဖွံ့ဖြိုးရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဘိုမြို့ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးအတွင်း စိုက်ပျိုးထားရှိသောရာသီသီးနှံများ၊ သရက်စိုက်ခင်းနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီပဲယင်းမြို့နယ် သရက်ကန်ကျေးရွာရှိ ဆရာစံပညာ သင်ကြားဆည်းပူးခဲ့သည့် သာသနဝ္ဇဉာဏ်ရောင်ခြည်ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးရာ တက်ရောက်လာသည့် တောင်သူဦးမိုးဝေက တောင်သူလယ်သမားနေ့တွင် သရက်ကန်ကျေးရွာ၌ ဆရာစံအမှတ်တရ ရုပ်တုထားရှိရေးကို နိုင်ငံတော်မှ ကြီးမှူးကျင်းပစေလိုကြောင်း၊ ဆရာစံမွေးဖွားရာဒေသအား ဂုဏ်ပြုသောအားဖြင့် ကျေးရွာမှ ဆည်လက်တံအထိ ကွန်ကရစ် (သို့မဟုတ်) ကတ္တရာလမ်းခင်းပေးစေလိုကြောင်း၊ ကျေးရွာအတွင်း မီးလိုင်းများ တပ်ဆင်ပြီးဖြစ်သည့်အတွက် အမြန်ဆုံးမီးလင်းရေး ဆောင်ရွက်ပေးစေလိုကြောင်းကိုလည်းကောင်း၊ တောင်သူဦးသိန်းပိုင်က ကျေးရွာ အထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရေး၊ ပညာရေးဝန်ထမ်းများအား ထပ်မံတိုးမြှင့်ခန့်ထားပေးရေးကိုလည်းကောင်း၊ သရက်ကန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေက

စိုက်ပျိုးရေးသုံး ပြည်ပမှခာတ်မြေသြဇာများ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိစိစစ်ပြီးမှ တင်သွင်းခွင့်ပြုပေးပါရန်တို့ကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ အဆိုပါကျေးရွာတွင် JICA အကူအညီဖြင့်တည်ဆောက်ခဲ့သော စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာတွင် ဒီပဲယင်းမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းထွန်းက မျိုးစပါးကေ ၁၇၀၀ စိုက်ပျိုး ထုတ်လုပ်နေမှုကို CERP အရ ထောက်ပံ့ပေးသွားမည့် အခြေအနေနှင့်စပ်လျဉ်း၍တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေးမှာ အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ဌာနဆိုင်ရာများက ဖြည့်ဆည်းပေးနိုင်ရေးကို ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရာတော်မြို့နယ် စားသုံးသူရေးရာခရိုင်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး သနပ်ခါးတင်ပို့ထုတ်လုပ်ရောင်းချသူများအသင်းက ခင်းကျင်းပြသထားသည့် သနပ်ခါးနှင့်သနပ်ခါးထုတ်ပစ္စည်းများအား ကြည့်ရှုအားပေးကာ အစည်းအဝေးခန်းမတွင် သနပ်ခါးထုတ်လုပ်တင်ပို့သူအသင်းသားများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှုသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထုတ်ကုန်ဖြစ်သည့်အတွက် သနပ်ခါးစိုက်ပျိုးသည့် မြေဧရိယာကိုရေးဟောင်းအမွေအနှစ်ဧရိယာအဖြစ် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ဝေသည့် Commerce Journal တွင် သနပ်ခါးအကြောင်း ထည့်သွင်းဖော်ပြရေး၊ မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြခန်း၌ သနပ်ခါးထုတ်ကုန်များ ပြသထားနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရန်မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့် သနပ်ခါးအသင်းဥက္ကဋ္ဌတို့က သနပ်ခါးစိုက်ပျိုးမှု မြေကေများစွာရှိနေကြောင်း၊ ကိုဗစ်ကာလအတွင်း ခုတ်ထားပြီးဖြစ်သည့် သနပ်ခါးများ သိုလှောင်ထားရှိခြင်းအတွက် ထိခိုက်နစ်နာမှုများရှိသဖြင့် လုပ်ငန်းများဆက်လက် လုပ်ကိုင်နိုင်ရန်နှင့် သွင်းအားစုများထည့်သွင်းရန် ချေးငွေထုတ်ပေးနိုင်ရေး၊ သနပ်ခါးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းရုံးဆောက်လုပ်ရန် မြေနေရာရရှိရေး ဆောင်ရွက်ပေးရန်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းညှိနှိုင်းပေါင်းစပ်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရာတော်မြို့နယ်-သခွပ်ပင်လယ်ကျေးရွာရှိ ဦးညွန့်ဖေပိုင် လျှော်ဖြူစိုက်ခင်း ခြောက်ကေစိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကာလအတွင်း ထိခိုက်ဆုံးရှုံးမှုများအတွက် ပထမဦးစားပေး၊ ဒုတိယဦးစားပေးအဆင့်အလိုက် ထောက်ပံ့ချေးငွေဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားကာ ပဲခွဲစက်လုပ်ငန်းရှင်က တရုတ်နိုင်ငံဘက်မှ စားတော်ပဲဝင်ရောက် နေမှုများကြောင့် ပြည်တွင်းထုတ်လုပ်မှုထိခိုက်မှုရှိပြီး စိုက်ပျိုးထုတ်လုပ်မှုစရိတ်ကာမိစေရေး ရောင်းချနိုင်ခြင်းမရှိသောကိစ္စ၊ စက်မှုဇုန်ဒုတိယဥက္ကဋ္ဌက တရုတ်ပြည်ဘက်မှ လျှပ်စစ်ပစ္စည်းများ၊ အရည်အသွေးနိမ့် လူသုံးကုန်ပစ္စည်းများ တင်သွင်းရောင်းချနေမှုကြောင့် သုံးစွဲသူများနစ်နာထိခိုက်ဆုံးရှုံးမှုများဖြစ်သည့်အပြင် ပြည်တွင်းထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ အရည်အသွေးစစ်ဆေးမှုအားနည်းမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ ဖြစ်ပွားနေမှုအားကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်ကိစ္စ၊ ရက်ကန်းလုပ်ငန်းရှင်များအသင်းဝင်တစ်ဦးက ပြည်တွင်းရက်ကန်းလုပ်ငန်းများပျောက်ကွယ်လုနီးပါးဖြစ်နေသည့်အတွက် လုပ်ငန်းများဆက်လက်ရပ်တည်နိုင်ရေးအတွက် ချေးငွေများထုတ်ပေးနိုင်ရေးကိစ္စ၊ ဆားတောင်ကျေးရွာမှ အသေးစား၊ အလတ်စားလုပ်ငန်းရှင်တစ်ဦးက နိုင်ငံတော်အနေဖြင့် လုပ်ငန်းရှင်များအား ထုတ်ချေးပေးသည့်သတ်မှတ်ရက်အား ထပ်မံတိုးပေးရန်ကိစ္စတို့ကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ဆက်လက်ညှိနှိုင်းပေါင်းစပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် တင်ပြပါကဏ္ဍများအလိုက် Forum များကျင်းပပြုလုပ်ပေးခြင်း၊ မိမိဝန်ကြီးဌာနသို့ လုပ်ငန်းရှင်များက လာရောက်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်းနှင့် လုပ်ငန်းကဏ္ဍအလိုက်အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

Source: https://www.facebook.com/TheMirrorDaily/

## ဂျပန်နိုင်ငံသို့ မျှစ်ခြောက်တင်ပို့မှု လိုအပ်ချက်ပမာဏပြည့်မီရန်ကြိုးပမ်း



မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သည့် မျှစ်ခြောက်ကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချနေရာ မျှစ်ခြောက်ပမာဏများစွာ ထုတ်လုပ်နိုင်ရန် လိုအပ်နေဆဲဖြစ်သဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ဂျပန်နိုင်ငံကို မျှစ်ခြောက်တင်ပို့နေတာတော့ ခြောက်နှစ်လောက်ရှိသွားပြီ။ ဂျပန်ဘက်ကလိုအပ်နေတဲ့ မျှစ်ခြောက်ပမာဏက ဒီဘက်ကနေ တင်ပို့နိုင်တဲ့ ပမာဏထက်ပိုများနေပါတယ်။ မျှစ်ခြောက် ဈေးကွက်ကောင်းမွန်နေတယ်။ ထုတ်လုပ်တဲ့နည်းပညာကိုသိရှိပြီး များများထုတ်လုပ်တင်ပို့နိုင်ဖို့သာ လိုအပ်နေတာပါဟု မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။

မျှစ်ခြောက်တင်ပို့မှု မြင့်တက်လာစေရေးအတွက် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ မြန်မာနိုင်ငံမျှစ်လုပ်ငန်း အစုအဖွဲ့၊ ဂျပန်-မြန်မာအခြေစိုက်ကုမ္ပဏီတို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ်မှစတင်ကာ မျှစ်ခြောက်ထုတ်လုပ်နည်းသင်တန်းများ ပို့ချပေးနေကြောင်းသိရသည်။ မျှစ်ခြောက်က ဈေးကွက်လိုအပ်ချက်လည်း တကယ်များတာဖြစ်လို့ မျှစ်ခြောက်ပြုလုပ်တဲ့ နည်းပညာကို အများသိရှိနားလည်အောင် သင်ပေးဖို့အတွက် လက်ရှိတင်ပို့နေတဲ့ကုမ္ပဏီကို အကူအညီတောင်းလိုက်တာပါ။ ဒေသခံတွေနဲ့ စိတ်ပါဝင်စားသူတွေအတွက် မျှစ်ခြောက်ပြုလုပ်နည်း သင်တန်းပို့ချပေးနေတာ နှစ်ကြိမ်ရှိပြီ။ မြစ်ကြီးနား၊ ထားဝယ်၊ မြိတ်၊ ရှမ်းပြည်၊ နေပြည်တော်နေရာစုံက သင်တန်းသားတွေတက်ရောက်နေပါတယ်။ မျှစ်ကို တန်နဲ့ချီ အခြောက်ခံ တတ်ဖို့ကျတော့ သဘာဝနည်းအတိုင်း ထုတ်လုပ်တာအပြင် နည်းပညာတွေသိရှိဖို့ လိုအပ်လာပြီလေဟု ဦးကျော်ဝင်းက ဆက်လက်ပြောသည်။

မျှစ်ခြောက်ထုတ်လုပ်ရန်အတွက် မျှစ်နု၊ မျှစ်ဥများကိုသုံးစွဲခြင်းမရှိဘဲ မျှစ်အရွယ် အစား (၄) ပေမှ (၆) ပေအထက်ရှိသည့် မျှစ်ကြီးများကို အသုံးပြုကြသဖြင့် ဝါးမျိုးများ ပျက်သုဉ်းထိခိုက်မှုလည်းမရှိနိုင်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/dry_bamboo_shoot_export

## ပြည်ပနိုင်ငံများမှ ငါး ပုစွန်မှာယူမှုမြင့်တက်နေသော်လည်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း တင်ပို့မှု၌အခက်အခဲများရှိနေ



ပြည်ပနိုင်ငံများမှ ငါး၊ ပုစွန်မှာယူမှု မြင့်တက်နေသော်လည်း တင်ပို့မှု၌ အခက်အခဲများရှိနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်၏ ပြောကြားချက်အရ သိရသည်။ လက်ရှိတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလဖြစ်သောကြောင့် ပြည်ပနိုင်ငံများ၌ ကန့်သတ်ချက်များ ရှိနေသည့်အတွက် တင်ပို့မှု၌ အခက်အခဲများ ရှိနေခြင်းဖြစ်သည်။ ဇွန်၊ ဇူလိုင်နှင့် သြဂုတ်လတို့တွင် ငါးသားပေါက်ချိန်ဖြစ်သည့်အတွက် ပင်လယ်ပြင်၌ ငါးဖမ်းခွင့်ပိတ်ထားခြင်းကြောင့် ပြည်ပနိုင်ငံများသို့ ပင်လယ်ငါး တင်ပို့မှုနည်းပါးသွားသည်။

လက်ရှိတင်ပို့နေသည့် ငါး၊ ပုစွန်များသည် မွေးမြူရေးထွက်ကုန်များဖြစ်ပြီး ပြည်ပနိုင်ငံများ၌ ငါး၊ ပုစွန်ထုတ်လုပ်မှု နည်းပါးခြင်းကြောင့် ပြည်တွင်းမှ မှာယူမှုမြင့်တက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေး ဧကပေါင်း ငါးသန်းခန့်ရှိပြီး အဆိုပါ မွေးမြူရေးကန်များမှတစ်ဆင့် ပြည်ပသို့တင်ပို့နေခြင်းဖြစ်သည်။ "ပြည်ပကနေ ငါး၊ ပုစွန်မှာယူမှု မြင့်တက်နေပေမယ့် COVID-19 ရောဂါအခြေအနေကြောင့် ပြည်ပတင်ပို့မှုတွေမှာ အခက်အခဲတွေရှိနေတယ်။ အကန့်အသတ်တွေ မရှိတော့ဘူးဆိုရင်တော့ တင်ပို့မှု ပိုမိုလွယ်ကူနိုင်တယ်" ဟု ဦးဝင်းကြိုင်ကပြောသည်။

ပြည်ပနိုင်ငံများသို့ ငါး၊ ပုစွန်တင်ပို့ရာတွင် ရန်ကုန်မြို့ရှိ ရွှေပိတောက်ငါးဈေး၊ ဗဟိုစံပြငါးဈေးကြီးနှင့် ငွေပင်လယ် စက်မှုဇုန်တို့မှတစ်ဆင့် တင်ပို့နေခြင်းဖြစ်သည်။ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်များတင်ပို့မှုမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၆၉၉ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ သန်း ၇၂၀၊ ယခုဘဏ္ဍာနှစ် မေလကုန် အထိ အမေရိကန်ဒေါ်လာ သန်း ၆၀၀ နီးပါးရရှိခဲ့သည်။ ယခုနောက်ပိုင်းတွင် ငါး၊ ပုစွန်ရေထွက်ကုန်များ တင်ပို့ရာတွင် အရည်အသွေးပြည့်မီစေရန် နည်းပညာများအသုံးပြု၍ ထုပ်ပိုးမှုပုံစံသစ်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/447

## သစ်သီးများရောင်းချရန် နိုင်ငံခြားဈေးကွက်သစ်ရှာဖွေနေ



ဖရဲ၊ သခွားအပါအဝင် သစ်သီးများကို တရုတ်နိုင်ငံအပြင် အခြားသောနိုင်ငံများသို့ ရေကြောင်း၊ လေကြောင်းလိုင်းများဖြင့်တင်ပို့ရန် ဈေးကွက်သစ်များ ရှာဖွေနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ပြောသည်။ လက်ရှိတွင် ဖရဲသီးကို ကွန်တိန်နာဖြင့် စင်ကာပူနိုင်ငံသို့ တင်ပို့နိုင်ရန် ဆောင်ရွက်နေပြီး မြန်မာနိုင်ငံက ခန့်အပ်ထားသော စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်သစ်များရရှိရန်လည်း ဆောင်ရွက်နေသည်ဟု ဆိုသည်။ မြန်မာနိုင်ငံထွက် ဖရဲ၊သခွားကဲ့သို့ သစ်သီးများကို ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရန် စီးပွားရေးသံမှူးများက ဈေးကွက်လေ့လာမှုများ ဆောင်ရွက်နေသည်။

၂၀၁၉ စာရင်းများအရ အီးယူ(ဥရောပသမဂ္ဂ) နိုင်ငံများသည် လူဦးရေသန်း ၅၀၀ ကျော်ရှိပြီး သစ်သီးဝလံများကို ပြည်ပမှတင် သွင်းရန် လိုအပ်ချက်ရှိနေသဖြင့် မြန်မာနိုင်ငံကဲ့သို့ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် ဈေးကွက်ရှာဖွေတင်ပို့နိုင်မည့် အလားအလာများရှိနေသည်ဟု စီးပွားရေးသံမှူးအချို့က သုံးသပ်ကြသည်။ သို့သော် အီးယူဈေးကွက်သည် ပိုးသတ်ဆေးဓာတ်ကြွင်း ကန့်သတ်ချက်နှင့် အရည်အသွေးပိုင်း စိစစ်မှုတင်းကျပ်ထားသည်။

ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုဆိုင်ရာ သတ်မှတ်ချက်များ၊ အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ၊ အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက မြန်မာနိုင်ငံရှိ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူများ အကျိုးခံစား ခွင့်ရရှိမည်ဟု ဘရပ်ဆဲလ်မြို့ စီးပွားရေးသံမှူး ဦးကျော်စိန်ဝင်း၏ အီးယူနိုင်ငံ၏ သစ်သီးဝလံ တင်သွင်းမှုအခြေအနေများ တင်ပြချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ဖရဲ၊ သခွားအပါအဝင် မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများကို တရုတ်နိုင်ငံသို့အဓိက တင်ပို့နေခြင်းဖြစ်သည်။ နှစ်စဉ် ဖရဲ၊သခွားရာသီတွင် တရုတ်အစိုးရ၏ သွင်းကုန်မူဝါဒအပြောင်းအလဲကြောင့် မြန်မာနိုင်ငံမှ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်ပွဲစားများ ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ ထိုအခြေအနေကိုကျော်လွှားနိုင်ရန် စီးပွား/ကူးသန်းဝန်ကြီးဌာနက ပုဂ္ဂလိကအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ဈေးကွက်အသစ်များ ထပ်မံရှာဖွေရေးနေသည်ဟု ဦးခင်မောင်လွင်ကပြောကြားသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များတွင် အရည်အသွေးပိုင်း လိုအပ်ချက်များကို ဖြည့်ဆည်းရန်လိုအပ်နေသည်ဟု ၎င်းက ဆိုသည်။

**Source:** https://7day.news/detail?id=195194

## ပြည်ပ ငါးမျိုးစိတ်နှစ်မျိုး တင်သွင်းခွင့်ပိတ်

ပြည်ပငါးမျိုးစိတ်များဖြစ်သော ငါးရံ့ဘီလူး (Giant Snakehead) နှင့် ပီကော့ငါး (Peacock Bass) တို့ကိုတင်သွင်းခွင့်မပြုကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ဩဂုတ်လဆန်းကထုတ်ပြန်ခဲ့သည်။ ပြည်တွင်းငါးသဘာဝသယံဇာတများနှင့် တိုင်းရင်းငါးမျိုးများကို ကာကွယ်ထိန်းသိမ်းရန်ရည်ရွယ်၍ ငါးရံ့ဘီလူး (ခေါ်) တိုမန် ငါးရံ့နှင့်ပီကော့ငါးတို့ကို သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ သိုလှောင်ရောင်းဝယ်ခြင်းမပြုလုပ်ရန် တားမြစ်ခဲ့သည်။ ယင်းတားမြစ်ချက်ကို မလိုက်နာပါက ငါးမွေးမြူခြင်း

ဆိုင်ရာဥပဒေ ဖြင့် အရေးယူခံရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေသယံဇာတ ဂေဟစနစ်နှင့် ငါးမျိုးနွယ်များအပေါ် မလိုလားအပ်သည့် အန္တရာယ်ကိုကြိုတင်ကာကွယ်ရန်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးကဆိုသည်။

ငါးရံ့ဘီလူးခေါ် တိုမန်ငါးရံ့များမှာ အင်ဒိုနီးရှားမျိုးရင်းငါးများဖြစ်ပြီး ထိုင်း၊ လာအို၊ ဗီယက်နမ် နှင့်မလေးရှားနိုင်ငံများတွင်လည်း တွေ့ရှိရတတ်သည်။ အလှမွေးငါးအဖြစ် ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်နေသော တိုမန်ငါးရံ့များသည် ကမ္ဘာပေါ်ရှိ ငါးရံ့မျိုးနွယ်များမှ အကြီးဆုံးမျိုးများတွင် ပါဝင်ပြီး ၄ ပေမှ ၅ ပေခန့်အထိ ကြီးနိုင်ကာ ကိုယ်အလေးချိန်မှာ ၂၀ ကီလိုအထက် ရောက်ရှိနိုင်ကြောင်း ငါးမျိုးစိတ်နှင့် ရေသယံဇာတများ လေ့လာပြုစုနေသည့် Waterways of Myanmar က ဆိုသည်။

တိုမန်ငါးရံ့များကို အလှမွေးငါးအဖြစ် ရောင်းဝယ်မှုများ ရပ်တန့်သွားတော့မည်ဖြစ်ရာ လက်ဝယ်မွေးထားသူများအနေဖြင့် မြန်မာ့မျိုးရင်း ဒေသတွင်းငါးများအတွက်ထည့်သွင်းစဉ်းစား၍ သဘာဝအတွင်း အလျဉ်းသင့်သလိုလွှတ်ခြင်းကို ရှောင်ကြဉ်ပြီး ငါးများကို သက်တမ်းကုန်သည်အထိ တာဝန်သိတတ်စွာ မွေးမြူကြရန် Waterways of Myanmar အဖွဲ့ကတိုက်တွန်းသည်။

**Source:** https://7day.news/detail?id=195195

## ပြည်တွင်းဝါးလက်မှု အကြမ်းထည်ဈေးကွက် အလုပ်တွင်ကျယ်သော်လည်း အချောထည်ဈေးကွက်ကျဆင်း



ပြည်တွင်းဝါးလက်မှုအကြမ်းထည်ဈေးကွက် အလုပ်တွင်ကျယ်နေသော်လည်း အချောထည်ဈေးကွက် ကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း၏ ပြောပြချက်အရ သိရသည်။

ဝါးလက်မှုအကြမ်းထည်များသည် ပြည်တွင်းသုံးဖြစ်သည့်အတွက် ဈေးကွက်အတွင်း မဖြစ်မနေဝယ်ယူသုံးစွဲသူများ ပုံမှန်ဝယ်ယူမှုရှိသောကြောင့် အလုပ်တွင်ကျယ်နေခြင်း ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဝါးလက်မှုအချောထည်ကို COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးကာလမတိုင်မီက ပြည်ပသို့ တစ်ပိုင်တစ်နိုင်တင်ပို့သူ အနည်းငယ်ရှိခဲ့ပြီး နိုင်ငံခြားခရီးသွားဧည့်သည်များ ဝယ်ယူမှုရှိခဲ့သော်လည်း လက်ရှိတွင် ပြည်တွင်း၌ နိုင်ငံခြားခရီးသွား ဧည့်သည်ဝင်ရောက်မှုရပ်တန့်နေသည့်အတွက် ဝါးလက်မှုအချောထည်ဈေးကွက် ကျဆင်းလျက်ရှိကြောင်းသိရသည်။ ဝါးကုန်ကြမ်းမှ အချောထည်များအဖြစ် မီးအုပ်ဆောင်း၊ နာရီဒိုင်ခွက်၊ ဓာတ်ပုံမှန်ပေါင်၊ တစ်သျှူးဘောက်စ်၊ သစ်သီးထည့် သည့် ခြင်း၊ ဖုန်းတင်စင်၊ နီးခမောက်၊ မီးအိမ်၊ ပန်းအိုး၊ ရေခွက်နှင့်ကရားအိုးများ ထုတ်လုပ်ရောင်းချကြကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/404

## ရန်ကုန်ရွှေဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ရှိပြီး အလုပ်ပြတ်လပ်သွားသည့်အခြေအနေမျိုးမရှိသေး

ရန်ကုန်ရွှေဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ရှိနေပြီး အလုပ်ပြတ်လပ်သွားသည့် အခြေအနေမျိုးမရှိသေးကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း၏ ပြောပြချက်အရသိရသည်။ ရွှေဈေးကွက်အတွင်း ရွှေလုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်လျက်ရှိပြီး လက်ဝတ်ရတနာသာ အရောင်းအေးကြောင်း၊ ပန်းထိမ်လုပ်ငန်းများအနေဖြင့် ပုံမှန်အလှည့်ကျ လုပ်ကိုင်နေရသည့်အတွက် လုပ်ငန်းပြတ်လပ်မှုမရှိသော်လည်း ပန်းထိမ်အလုပ်သမား ၂၀ ဦး ရှိသော ရွှေလုပ်ငန်းတွင် အနည်းဆုံးငါးဦးခန့်သည် အလှည့်ကျစနစ်ဖြင့် လုပ်ငန်းခွင်ဝင်ရောက်နေရကြောင်းသိရသည်။

အဓိကအားဖြင့် ပန်းထိမ်အလုပ်သမားများ၏ မိသားစုစားဝတ်နေရေးနှင့်ဝင်ငွေများအတွက် အလုပ်သမားများအဆင်ပြေစေရန် အလှည့်ကျစနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်းသိရသည်။ "လက်ရှိကာလမှာ ရွှေဈေးက

သိပ်တည်ငြိမ်မှုမရှိတော့ လုပ်ငန်းတွေ ပုံမှန်လည်ပတ်မှုရှိနေပေမယ့် အရောင်းအဝယ်အေးတယ်။ လုံးဝအလုပ်ပြတ်လပ်တဲ့ အခြေအနေမျိုး မရောက်သေးပါဘူး။ ရွှေဝယ်ပြီးလုပ်နေတဲ့လုပ်ငန်းတွေက လုပ်ငန်းလည်ပတ်နေပါသေးတယ်။ အခက်အခဲကတော့ အလုပ်ရှင်၊ အလုပ်သမား အားလုံးမှာရှိပါတယ်'' ဟု ဦးကျော်ဝင်းကပြောသည်။

ရန်ကုန် ရွှေဈေးကွက်အတွင်း ယခင်က ရွှေဝယ်ယူမှုနှင့် ရွှေအလဲအလှယ်လုပ်ခြင်းများရှိသော်လည်း ယခုကာလ အတွင်း ပြန်လည်ရောင်းချသူများပြားကြောင်း၊ လက်ရှိတွင် ရွှေဈေးနှုန်းတည်ငြိမ်မှုမရှိသည့်အတွက် ရွှေလုပ်ငန်းလုပ်ကိုင်သူ များလည်း အခက်အခဲတွေ့ကြုံနေရကြောင်းသိရသည်။ COVID-19 ရောဂါကာလအလွန်တွင် ရွှေအရောင်းအဝယ်လုပ်ငန်းများ ပုံမှန်ဖြစ်လာနိုင်ပြီး လက်ရှိတွင် ယာယီရပ်ဆိုင်းထားသော ရွှေဆိုင်တချို့ပြန်လည်ဖွင့်လှစ်လာကြောင်း၊ ပိတ်ထားသည့် ဆိုင်များတွင် လုပ်ကိုင်နေသော ပန်းထိမ်အလုပ်သမားများသည်လည်း လုပ်ငန်းလည်ပတ်ခြင်းမရှိသဖြင့်နယ်ပြန်သွားသူများရှိပြီး ယခုပြန်လည်ဖွင့်လှစ်ခြင်းကြောင့် လုပ်ငန်းခွင်ဝင်ရောက်မှုလည်းရှိကြောင်း၊ ရန်ကုန်ရွှေဈေးကွက်သည် တခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိရွှေဆိုင်များနှင့် ချိတ်ဆက်လုပ်ဆောင်မှုများလည်း ရှိနေသဖြင့် အလုပ်ပြတ်လပ်မှုမျိုးမရှိနိုင်ကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/407

## ပြည်တွင်း၌ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အများဆုံးဖြစ်




ပြည်တွင်း၌ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး ၏ ပြောဆိုချက်အရသိရသည်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမှာ ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့်ရှိသည်။ ၂၀၁၆ ခုနှစ် မတ်လကုန်အထိ ပြည်တွင်း၌ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်သာရှိခဲ့သော်လည်း လေးနှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု သုံးဆကျော်မြင့်တက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအပါအဝင် တိုယိုတာ၊ ဆူဇူကီးစသည့် မော်တော်ယာဉ်တပ်ဆင် ထုတ်လုပ်ရောင်းချရေးလုပ်ငန်းများပါ ဝင်ရောက်လုပ်ကိုင်လာခဲ့ကြောင်း သိရသည်။ ထို့ပြင် ပြီးခဲ့သည့်ရက်ပိုင်းက ဂျပန်ကုမ္ပဏီကြီးသုံးခုသည် ပြည်တွင်းမှ ကုမ္ပဏီများနှင့်ပူးပေါင်း၍ သီလဝါအထူးစီးပွားရေးဇုန်၌ သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်းသိရသည်။

''ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်နေတာက မြန်မာ့စီးပွားရေးအတွက် အားတစ်ခုပါပဲ။ သူတို့က သေချာလေ့လာပြီးမှ ဝင်ရောက်လုပ်ကိုင်လေ့ရှိတယ်။ မြန်မာနိုင်ငံက အလားအလာကောင်းတွေရှိလာလို့ ဂျပန်လုပ်ငန်းရှင်တွေ စိတ်ဝင်စားလာကြတာပါ။ ဒီလေးနှစ်တာကာလအတွင်း လုပ်ငန်းတော်တော်များများမှာ သိသိသာသာ တိုးတက်ဝင်ရောက်လာကြတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာဆိုရင် ဂျပန်လုပ်ငန်းစုတွေ အများဆုံးဝင်ရောက်ထားတာတွေ့ရတယ်။ နောက်ထပ်ဝင်ရောက်လာဖို့လည်းရှိနေပါတယ်။ မြန်မာလုပ်ငန်းရှင်တွေအတွက်လည်း ပူးပေါင်းလုပ်ဆောင်မှုတွေကနေ တစ်ဆင့် နည်းပညာတွေ ရရှိလာမယ်''ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ဂျပန်နိုင်ငံမှ ဘဏ်များနှင့်အာမခံကုမ္ပဏီတချို့ ဝင်ရောက်လုပ်ကိုင်နေခြင်းမှာ စီးပွားရေးထပ်မံတိုးချဲ့ရန် အခွင့်အလမ်းတစ်ခုဖြစ်လာ မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် ဂျပန်နိုင်ငံသည် အဆင့် (၉) နေရာ၌ ရပ်တည်လျက်ရှိကြောင်း၊ ထပ်မံဝင်ရောက်လုပ်ကိုင်ရန်လည်း ဂျပန်စီးပွားရေးလုပ်ငန်းများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ လေးနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော် ဝင်ရောက်ထား

ကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/412

## ညောင်ဦးမြို့နယ်၌ စိုက်ပျိုးထားသော ပြောင်းဖူးများ လှိုင်လှိုင်ပေါ်ချိန် ဈေးနှုန်းကျဆင်း



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုနှင့် သစ်ထောင့်ကျွန်း ကျေးရွာအုပ်စုမှ တောင်သူများစိုက်ပျိုးထားသော ပြောင်းဖူးများ ယခုလလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းနေကြောင်း သိရသည်။ အဆိုပါ ကျေးရွာအုပ်စုများရှိ ကျေးလက်တောင်သူများသည် တစ်နှစ်ပတ်လုံး ပြောင်းဖူးများသာ စိုက်ပျိုးကြကာ တစ်နှစ်လျှင် လေးကြိမ်အထိ စိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးရာတွင် မြစ်ရေတင်ဖြင့် စိုက်ပျိုးကြသည့် တောင်သူများရှိသလို မြေအောက်ရေတွင်းတူးကာ ရေစုပ်စက်ဖြင့်တင်၍ ရေသွင်းစိုက်ပျိုးကြသည့် တောင်သူများလည်းရှိပြီး သကြားပြောင်းဖူးနှင့် အစီး(စေး) ပြောင်းဖူးနှစ်မျိုးသာ အများဆုံးစိုက်ပျိုးကြကာ ကြက်တမော့ပြောင်းဖူးကိုလည်း စိုက်ပျိုးကြသည်။ ''ထွက်ရှိလာတဲ့ပြောင်းဖူးတွေကို ကားလမ်းမကြီးဘေးမှာပုံထားကာ လမ်းသွားလမ်းလာတွေကိုရောင်းချရသလို မြင်းခြံ၊ညောင်ဦး၊ ပခုက္ကူ၊ ပုဂံ၊ ကျောက်ပန်းတောင်းပွဲစားတွေက လာရောက် ဝယ်ယူကြပါတယ်။

ပလင်းကမ်းသာယာ ဆင်စခန်းကလည်း ဆင်စာအတွက် အမြဲဝယ်ယူပါတယ်။ ရန်ကုန်၊ မန္တလေး ပြောင်းဖူးပွဲစားတွေလာရောက်ဝယ်ယူရာမှာ ကားနဲ့တစ်ခါ လာရောက်ဝယ်ယူရင်ပြောင်းဖူးတစ်သောင်းကနေ သုံးသောင်းအထိ အဖူးရေနဲ့ရောင်းချရတယ်။ ယခုလအတွင်း ပြောင်းဖူးများလှိုင်လှိုင်ပေါ်ချိန် ပြောင်းဖူးတစ်ဖူး ငွေကျပ် ၉၀ နဲ့ရောင်းချနေရတဲ့အတွက် ပြောင်းဖူးဈေးအနိမ့်ဆုံးသို့ ထိုးကျနေတယ်''ဟု လက်ပံခြေပေါ်ကျေးရွာအုပ်စုမှ ပြောင်းဖူးစိုက်ပျိုးရောင်းချသူ ဦးဝင်းတင်ကပြောသည်။

မိုးရာသီတွင် ပြောင်းဖူးစိုက်လျှင် ရက် ၉၀ ဖြင့်ပြောင်းဖူးရရှိကာ နွေရာသီစိုက်ပျိုးချိန်တွင် ၇၅ ရက်ဖြင့် ပြောင်းဖူးရရှိကြောင်း၊ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုရှိကျေးရွာများ၊ သစ်ထောင့်ကျွန်းအုပ်စုရှိ ပြောင်းဖူးစိုက်တောင်သူများ ပြောင်းဖူးအထွက်နှုန်း ကောင်းမွန်သော်လည်း ဈေးနှုန်းကျဆင်းနေသဖြင့် အခက်တွေ့နေကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/443

## အိုးလုပ်ငန်း လုပ်ကိုင်သူများ အရောင်းအဝယ်မရှိ၍ စားဝတ်နေရေးအခက်တွေ့



စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့၌ အိုးလုပ်ငန်းလုပ်ကိုင်သူ များ ယခုကာလအတွင်းအရောင်းအဝယ်မရှိ၍ စားဝတ်နေရေး အခက်တွေ့နေကြောင်း အဆိုပါ အိုးလုပ်ကိုင်သူများထံမှသိရသည်။ ''လက်ရှိမှာ အိုးက အရောင်းအဝယ်အေးနေတာ။ အခုဝယ်မယ့်သူမရှိတော့ ပွဲစားကလည်း မသိမ်းတော့ဘူး။ လက်ရှိလုပ်နေတဲ့အိုးတွေကို လှောင်ထားတာ။ လက်လီလက်ကား အနည်းအကျဉ်းဝယ်တဲ့သူတွေ ရောင်းရတာပေါ့။ အဆင်တော့မပြေဘူး။ ဒါတစ်ခုပဲ လုပ်နေရတဲ့သူတွေဆိုတော့ ဝင်ငွေမရှိတော့ စားဝတ်နေရေး အခက်အခဲဖြစ်နေတယ်'' ဟု တန့်ဆည်မြို့နယ်မှ အိုးလုပ်ငန်းလုပ်ကိုင်သူ မတင်တင်စိုးက ပြောသည်။

အိုးလုပ်ငန်းလုပ်ကိုင်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုသည့် ထင်း၊ သဲ၊ မြေကြီး၊ ကောက်ရိုးကို တစ်နှစ်စာအတွက်ကြိုတင်စုဆောင်းရပြီး လက်ရှိအချိန်တွင် အရောင်းအဝယ်မဖြစ်သော်လည်း အိုးလုပ်ငန်းကို ပုံမှန်လုပ်ကိုင်နေကြကာ အရောင်းအဝယ်ဖြစ်မည့်အချိန်ကို သိုလှောင်ထားခြင်းဖြစ်သည်။ အိုးလုပ်ငန်းလုပ်ကိုင်ရာတွင် ဘုရားပန်းအိုး၊ ညောင်ရေအိုး အစရှိသည့်

ဆိုဒ်စုံအိုးမျိုးစုံကို လုပ်ကိုင်လျက်ရှိပြီး တန့်ဆည်မြို့တွင် အိုးလုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ခန့်ရှိသည်။

တန့်ဆည်မြို့တွင် အိုးလုပ်ငန်းလုပ်ကိုင်သူအများအပြားရှိပြီး ဘုရားပွဲများ ပြန်လည်ပြုလုပ်ခွင့်ရမည့်အချိန်ကိုသာ မျှော်လင့်နေကြောင်း၊ ယခုလက်ရှိတွင် အိုးများကိုသာ ဝယ်ယူသိုလှောင်ထားကြပြီး အရောင်းအဝယ်မဖြစ်သည့်အတွက် အိုးလုပ်ငန်းလုပ်ကိုင်သူများ စားဝတ်နေရေးအခက်တွေ့နေကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/435

## ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောကြီးများ ပိုမိုဝင်ထွက်သွားလာနိုင်ရန် ရေစူးတိုးမြှင့်သတ်မှတ်



ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်မည့် သင်္ဘောကြီးများ အနက် ယခင်ရေစူး ၉ မီတာအနက်ရှိ သင်္ဘောကြီးများကို သာ ခွင့်ပြုပေးရာမှ ဇူလိုင်လမှစ၍ အပြင်ပိုင်း သီလဝါဆိပ်ကမ်း၌ ဆိုက်ကပ်မည့်သင်္ဘောများကို ရေစူး ၉ ဒသမ ၅ မီတာ အထိလည်းကောင်း၊ အတွင်းပိုင်း ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်မည့်သင်္ဘောများ ကို ရေစူး ၉ ဒသမ ၃ မီတာအထိလည်းကောင်း ပိုမိုတိုးမြှင့် သတ်မှတ်ပေးကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဖွဲ့မှသိရသည်။

ယခင်ရေစူးကန့်သတ်ချက်ကြောင့် သင်္ဘောများ အတွင်းဆိပ်ကမ်းသို့ တိုက်ရိုက်မဝင်ရောက်နိုင်ဘဲ အပြင်ဆိပ်ကမ်း၌ ကုန်အလေးချိန်လျှော့ချပြီးမှ ဝင်ရောက်ရခြင်း၊ ရေစူးများသော ရေယာဉ်ကြီးများသည်လည်း အတွင်းဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာတွင် အတွင်းစည်းခုံကိုဖြတ်သန်းနိုင်ရန် ရေချိန်စောင့်ထွက်ရခြင်းတို့ကြောင့် အပြင်စည်းခုံကို ဆက်လက်ဖြတ်သန်းနိုင်ရန် အချိန်မမီခြင်း ကန့်သတ်ချက်များရှိခဲ့သည်။

ရေအနက်ပိုမိုရရှိသည့်အတွက် မလိုအပ်သည့်အဆင့်ဆင့် ကုန်တင်၊ ကုန်ချစရိတ်များလျှော့ချနိုင်ခြင်း၊ ကုန်တင်နိုင်မှုပမာဏ တိုးလာခြင်းကြောင့် ကုန်စည်ပို့ဆောင်မှု စရိတ်လျှော့ကျလာခြင်း၊ ရေယာဉ်ကြီးများ၏ ဝင်ထွက်မှုခရီးစဉ်တွင် အချိန်ကြာမြင့်မှု လျှော့နည်းသည့်အတွက် ရေယာဉ်ဝင်ထွက်မှု အခေါက်ရေပိုမိုရရှိခြင်းနှင့် ဆိပ်ကမ်းများ၌ ရေယာဉ်များ ပို၍လက်ခံဆိုက်ကပ်ပေးနိုင်ခြင်းတို့ကြောင့် ဆိပ်ကမ်းများမှရရှိသော ဝင်ငွေတိုးလာမည်ဖြစ်သည်။

ရေစူးသတ်မှတ်ချက် တိုးမြှင့်ခွင့်ပြုပေးခြင်းကြောင့် သင်္ဘောများတွင် တင်ဆောင်နိုင်သည့်ကုန်ပမာဏ ပိုမိုများပြားလာပြီး တင်ပို့စရိတ် ကုန်ပစ္စည်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ သုံးဒေါ်လာမှ ငါးဒေါ်လာအထိ သက်သာလာမည်ဖြစ်ကာ နိုင်ငံ စီးပွားရေးအတွက် များစွာအထောက်အကူပြုကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဒုတိယရေကြောင်းဌာနမှူးချုပ် ဦးဝင်းမြင့်အောင်ကပြောသည်။

**Source:** https://myawady.net.mm/node/409

## ရက်ပိုင်းအတွင်း ဒေါ်လာတန်ဖိုးပြန်တက်ပြီး ရွှေဈေးအနည်းငယ်ကျ

အမေရိကန်ဒေါ်လာ တန်ဖိုးသည် ဩဂုတ် ၁ဂရက်တွင် တစ်ဒေါ်လာ ၁,၃၇၉ ကျပ်သို့ ပြန်လည်မြင့်တက်ခဲ့သည်။ ဩဂုတ် ၇ ရက်က တစ်ဒေါ်လာကျပ် ၁,၃၆ဝ ဝန်းကျင် ဈေးရှိခဲ့သဖြင့် ရက်ပိုင်းအတွင်း ဒေါ်လာတန်ဖိုး ၁ ရာခိုင်နှုန်းကျော် ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ သုံးရက်အတွင်း တစ်ဒေါ်လာ ၁၈ ကျပ်ခန့် ဈေးပြောင်းလဲမှုက စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အခက်အခဲရှိသည်ဟု အသေးစားလုပ်ငန်းရှင်အချို့ကပြောသည်။

ဈေးကွက်အတွင်း ဒေါ်လာ တန်ဖိုးတက်လာသော်လည်း ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းက ဩဂုတ် ၁ဂ ရက်တွင် တစ်ဒေါ်လာ ၁,၃၆၅ ကျပ်သတ်မှတ်သည်။ ဒေါ်လာတန်ဖိုး တက်ရိပ်ရှိနေချိန်တွင် နှုန်းထားတည်ငြိမ်ရန် ဗဟိုဘဏ်က ဈေးကွက်ပေါက်ဈေးအတိုင်းလိုက်၍ မမြှင့်တင်ခြင်းဖြစ်သည်ဟု ပုဂ္ဂလိကဘဏ်တစ်ခု၏ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာသကဲ့သို့ ရွှေဈေးနှုန်းကလည်း အခေါက်ရွှေတစ်ကျပ်

သားလျှင် တစ်ဆယ့်သုံးသိန်း သုံးသောင်း နှစ်ထောင်ကျပ်ဈေးဖွင့်သည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ဩဂုတ် ၇ ရက်နှင့် နှိုင်းယှဉ်ပါက တစ်ကျပ်သားလျှင် ကျပ် ၅,၀၀၀ ခန့်ဈေးကျသည်။ ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးအနည်းငယ် ပြန်လည်ကျဆင်းခြင်းဖြစ်ပြီး ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၇ ရက်ကတစ်အောင်စလျှင် ၂,၀၅၆ ဒေါ်လာမှ ဩဂုတ် ၁၀ ရက်တွင် ၂,၀၃၂ ဒေါ်လာသို့ ပြန်လည်ကျဆင်းသည်။

**Source:** https://7day.news/detail?id=195193

## ချောင်းဦးတွင် ဖရဲ၊ သခွားမွှေးစိုက်ရန် မြေငှားသူနည်းပါး

ချောင်းဦးမြို့နယ်တွင် ဖရဲ၊ သခွားမွှေးစိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုစရိတ်အခက်အခဲကြောင့် လယ်ယာမြေငှားရမ်းသူ နည်းပါးလာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌဦးစိုးလွင်က ပြောသည်။ စစ်ကိုင်းတိုင်းတွင် ဖရဲ၊ သခွားအများဆုံးစိုက်ပျိုးရာ ချောင်းဦးမြို့နယ် ပေါက်အင်းတွင် ယခင်နှစ်က လယ်ယာမြေ တစ်ဧကလျှင် ကျပ်ခြောက်သိန်းမှခုနစ်သိန်းအထိ ငှားရမ်းစိုက်ပျိုးခဲ့သော်လည်း ကိုဗစ်ကာလကြောင့် တောင်သူများ သစ်သီးဈေးကွက်၌ အရှုံးဖြင့်ရင်ဆိုင်ခဲ့ရကာ စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှု စရိတ်အခက်အခဲဖြစ်၍ လယ်ယာမြေငှားရမ်းမှုလျော့နည်းခဲ့ခြင်းဖြစ်သည်။ “နှစ်စဉ် ဒီအချိန် (ဩဂုတ်လဆန်း)ဆိုရင် သခွားမွှေးစိုက်ဖို့ မြေငှားပြီးကြပြီ။ မနှစ်က စိုက်ဧကတစ်သောင်းကျော်မှာ မြေငှားစိုက်တဲ့သူ ဧကရှစ်ထောင်လောက်ရှိတယ်။ လောလောဆယ် မနှစ်ကအရှုံးနဲ့ရင်ဆိုင်ထားတာရော၊ လာမယ့် စိုက်ပျိုးရာသီမှာ ကိုဗစ်ကြောင့် ကုန်သွယ်မှုက မနှစ်ကလိုပဲဖြစ်မှာကို တောင်သူတွေကစိုးရိမ်နေတာပါ။ ဒီနှစ် မြေငှားတဲ့သူမရှိသေးဘူး’’ ဟု ဦးစိုးလွင်ကပြောသည်။

ယခင်နှစ် ဆောင်းရာသီ ဖရဲသခွားမွှေးစိုက်ပျိုး ရာသီသစ်သီးဝလံများ ဈေးကွက်တင်ပို့ချိန် COVID-19 ဖြစ်ပွားသဖြင့် တောင်သူအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရကြောင်း ၎င်းကဆိုသည်။ COVID-19 ကာလ စိုက်ပျိုးစရိတ် အခက်အခဲဖြစ်နေသော တောင်သူများအားထောက်ပံ့ကြေးပေးရာတွင် ဖရဲ၊ သခွားစိုက်ပျိုးသည့် တောင်သူများမရရှိကြောင်း ဦးစိုးလွင်ကပြောကြားသည်။ “သခွားမွှေးတစ်ဧကစိုက်ရင် မြေငှားခရော၊ စိုက်ပျိုးစရိတ်ရောဆိုရင် သိန်းငါးဆယ်လောက် ကုန်တယ်။ မြေငှားစိုက်ပြီး သစ်သီးပေါ်ချိန် ဈေးကွက်ခိုင်မာရင်တော့ တောင်သူတွေက စိုက်ချင်တာပေါ့။ ကိုဗစ်ကြောင့် နယ်စပ် သစ်သီးကုန်သွယ်ရေးအခြေအနေကိုလည်း တောင်သူတွေက စောင့်ကြည့်နေကြတာလည်းပါတယ်။ လုပ်ငန်းကြီးတောင်သူတွေက စိုက်ပျိုးစရိတ်ရှိပေမယ့် တစ်နိုင်တစ်ပိုင် တောင်သူတွေအတွက် အရင်းအနှီးက ထောက်ပံ့မယ်သူမရှိလို့ အခက်အခဲဖြစ်နေတယ်’’ဟု ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာဒေသခံ သခွားမွှေးစိုက်တောင်သူတစ်ဦးကပြောသည်။ ပေါက်အင်းဒေသ တစ်နိုင်တစ်ပိုင် ဖရဲ၊ သခွားမွှေးစိုက် တောင်သူများ စိုက်ပျိုးစရိတ်အခက်အခဲကြောင့် မစိုက်ပျိုးနိုင်ပါက ဒေသခံလယ်ယာ လုပ်သားအများစု အလုပ်လက်မဲ့ဖြစ်ပေါ်နိုင်ကြောင်း ၎င်းကပြောသည်။

**Source:** https://7day.news/detail?id=195149

## ၂၀၂၀ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏စီးပွားရေးသည် ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းဘောင်အတွင်း ကျဆင်းနိုင်ဟုသတင်းထုတ်ပြန်

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၀ ခုနှစ်တွင် ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းဘောင် အတွင်း ကျဆင်းနိုင်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၁၁ – ၈ – ၂၀၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ယခုခန့်မှန်းချက်သည် စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရ ယခင်ကခန့်မှန်းခဲ့သော ၄ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းဘောင်အတွင်းကျဆင်းမည်ဟု ကြိုတင်ခန့်မှန်းချက်အပေါ် ရာခိုင်နှုန်းဘောင်ကို အနည်းငယ်ကျဉ်းမြောင်း၍ ခန့်မှန်းလိုက်ခြင်းဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်၊ ဒုတိယ (၃)လပတ် (ဧပြီလမှ ဇွန်လအထိ) အတွင်း စင်ကာပူ၏ စီးပွားရေးသည် ၁၃.၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

စင်ကာပူတွင် ကိုဗစ် ၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်ရန်အတွက် ဧပြီလ ၇ ရက်မှ ဇွန်လ ၁ ရက်အထိ လုပ်ငန်း ဆောင်ရွက်မှုနှင့် အသွားအလာကန့်သတ်ထိန်းချုပ်မှုများကိုဆောင်ရွက်ခဲ့သော Circuit Breaker အစီအမံနှင့် ကိုဗစ် ၁၉ ကပ်ရောဂါ၏ ဂယက်ရိုက်ခတ်မှုကြောင့် ကမ္ဘာ့စီးပွားရေးကျဆင်းလာမှုနှင့်အတူ ပြည်ပနိုင်ငံများ၏ဝယ်လိုအား နှေးကွေး

သွားခဲ့သော အကြောင်းရင်းများက စီးပွားရေးကျဆင်းမှုကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယ(၃)လပတ်အတွင်း ထိခိုက်မှု အများဆုံးဖြစ်ပေါ်ခဲ့သော လုပ်ငန်းကဏ္ဍများမှာ ဆောက်လုပ်ရေးကဏ္ဍ (– ၅၉.၃ ရာခိုင်နှုန်း)၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (– ၄၁.၄ ရာခိုင်နှုန်း)၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ထိန်းသိမ်းရေး လုပ်ငန်း ကဏ္ဍ (– ၃၉.၂ ရာခိုင်နှုန်း) နှင့် စီးပွားရေး ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (– ၂၀.၂ ရာခိုင်နှုန်း) တို့ဖြစ်ပါကြောင်း၊ ထို့ပြင် ဤကာလအတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် အနုတ် ၀.၇ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့နှုန်းမှာ ၂.၉ ရာခိုင်နှုန်း၊ ကုန်စည် ကုန်သွယ်မှုအခြေအနေသည် အနုတ် ၁၅.၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကုန်သွယ်ရေးအခြေ အနေသည် အနုတ် ၂၂.၂ ရာခိုင်နှုန်းနှင့် လုပ်ငန်းများ၏ ပုံသေပိုင်ပစ္စည်းများအပေါ် ရင်းနှီး မြှုပ်နှံမှုအခြေအနေသည် စင်ကာပူဒေါ်လာ ၁.၉ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

**Source:** Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် စတင်အသက်ဝင်

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (EU-Vietnam Free Trade Agreement) သည် ၁-၈-၂၀၂၀ နေ့မှစတင်၍ အသက်ဝင်အာဏာတည်ခဲ့ပြီး အီးယူမှဗီယက်နမ်နိုင်ငံသို့ ပို့ကုန်များသည် အခွန်သက်သာခွင့်များရရှိမည် ဖြစ်ကြောင်းသိရသည်။ ၎င်း FTA စတင်အသက်ဝင်မှုကြောင့် နှစ်ဘက်အကြား ကုန်သွယ်မှုပြုသည့် ကုန်စည်အားလုံး၏ (၉၉) ရာခိုင် နှုန်းအပေါ် အခွန်နှုန်းထားများအား လျှော့ချဖယ်ရှားသွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်အရသိရသည်။

ယခုသဘောတူညီချက်အရ ဥရောပကုမ္ပဏီများအတွက် ဗီယက်နမ်နိုင်ငံ၌ စီးပွားရေး လုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမို လွယ်ကူစေမည်ဖြစ်ပြီး၊ အစိုးရကဏ္ဍမှ ဝယ်ယူဖြည့်တင်းရေး (government procurement) စာချုပ်များတွင် ပြည်တွင်း လုပ်ငန်းရှင်များနှင့် အခွင့်အရေးတူညီစွာ ယှဉ်ပြိုင်၍ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။ ယခုသဘောတူညီချက်အား စီးပွားရေး အကျိုးကျေးဇူးများနှင့်အတူ အလုပ်သမားအခွင့်အရေးများ၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြဋ္ဌာန်း ချက်များမှ တစ်ဆင့် ရာသီဥတုဆိုင်ရာပါရီသဘောတူညီချက်နှင့် သဘာဝပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေးစသည်တို့အပေါ် အာမခံချက်များနှင့်အတူချိတ်ဆက်၍ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်သည် ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များကို အပြည့်အဝထည့်သွင်းစဉ်းစားလျက် ဗီယက်နမ်နိုင်ငံသို့ အီးယူ၏သွင်းကုန်များအပေါ် အခွန်လျှော့ချဖယ်ရှားပေးရမည့်အချိန်ကာလအား (၁၀) နှစ်သတ်မှတ်ပေးထားသည်။ သို့ရာတွင် ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒပစ္စည်းများနှင့် စက်ပစ္စည်းများကဲ့သို့သော အီးယူပို့ကုန်များအတွက်မူ သဘောတူညီချက် စတင် အသက်ဝင်ချိန်၌ အခွန်သက်သာခွင့်များရရှိခံစားနိုင်မည်ဖြစ်သည်။ လယ်ယာထွက်စားသောက်ကုန်များဖြစ်သည့် အမဲသားနှင့် သံလွင်ဆီကဲ့သို့သော ထုတ်ကုန်များအတွက် (၃) နှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး၊ နို့ထွက်ပစ္စည်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့အတွက် အများဆုံး (၅) နှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ခံစားနိုင်မည် ဖြစ်သည်။ တိရစ္ဆာန်နှင့်အပင်ပိုးမွှား ရောဂါကင်းစင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကြောင့် ပိုမိုပွင့်လင်းမြင်သာ၍ မြန်ဆန်သည့်လုပ်ထုံးလုပ်နည်း များမှတစ်ဆင့် အီးယူလုပ်ငန်းများသည် ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်ခွင့် တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်တွင် အီးယူ၏ ကားတင်ပို့မှုအတွက် လုပ်ထုံး လုပ်နည်းဆိုင်ရာအတားအဆီးများ ဖယ်ရှားပေးရေးနှင့် ဒိန်ခဲ၊ ဝိုင်စသည့် ဒေသ ဆိုင်ရာအညွှန်း (Geographical Indications) အဖြစ် အသိအမှတ်ပြုထားသော ဥရောပဒေသထွက် ရိုးရာစားသောက်ကုန်များအား အတုအပပြုလုပ်ခြင်းမှ အကာအကွယ် ပေးရေးတို့နှင့်စပ်လျဉ်းသည့် သီးခြားပြဋ္ဌာန်းချက်များလည်းပါဝင်သည်။ ယင်းကုန်သွယ်ရေးသဘောတူညီချက်တွင် သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုအခွင့်အရေးများအပေါ် နှစ်ဘက်ကတိကဝတ်ပြုမှုများကိုလည်းဖော်ပြထားပြီး၊ အလုပ်သမား၊ သဘာဝ ပတ်ဝန်းကျင်နှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မြင့်မားသည့်စံချိန်စံညွှန်းများကိုလည်း ချမှတ်ထားကြောင်း သိရ သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း(International Labour Organization-ILO) ၏ အခြေခံ ကွန်ဗင်းရှင်း(၈) ခုအား အတည်ပြုရေးနှင့် အကောင်အထည်ဖော်ရေး၊ လေးစားလိုက်နာရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာ အခြေခံ

အခွင့်အရေးများနှင့်ပတ်သက်၍ ILO ၏ စည်းမျဉ်းများအား ထိရောက်စွာအကောင်အထည်ဖော်ရေးနှင့်မြှင့်တင်အားပေးရေးတို့နှင့်စပ်လျဉ်းသည့် နှစ်ဘက်ကတိကဝတ်ပြုမှုများလည်း ပါဝင်ကြောင်းသိရသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အား အီးယူအဖွဲ့ဝင်နိုင်ငံ များ၏ အတည်ပြုချက်နှင့်အတူ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ဥရောပပါလီမန်က ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ယင်းသဘောတူညီချက်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အီးယူ၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက် နိုင်ငံအဖြစ် စင်ကာပူနိုင်ငံ၏နောက်တွင်ရပ်တည်နေပြီး၊ ၂၀၁၉ ခုနှစ်တွင် ကုန်စည်ကုန်သွယ်မှု တန်ဖိုးယူရို (၄၅.၅) ဘီလီယံနှင့် ၂၀၁၈ ခုနှစ်တွင် ဝန်ဆောင်မှုကုန်သွယ်မှုတန်ဖိုး ယူရို (၄) ဘီလီယံခန့်ရှိခဲ့ကြောင်းသိရသည်။ အီးယူမှ ဗီယက်နမ်နိုင်ငံသို့ အဓိကပို့ကုန်များမှာ လျှပ်စစ်စက်ပစ္စည်းနှင့် ကိရိယာများ၊ လေယာဉ်များ၊ ယာဉ်ယန္တရားများနှင့် ဆေးဝါးပစ္စည်းများအပါအဝင် အဆင့်မြင့်နည်းပညာထုတ်ကုန်များဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံမှ အီးယူသို့အဓိကတင်ပို့သည့် ပို့ကုန်များမှာ လျှပ်စစ်ပစ္စည်းများ၊ ဖိနပ်များ၊ အထည်အလိပ်နှင့် အဝတ်အထည်များ၊ ကော်ဖီ၊ ဆန်၊ ပင်လယ်စာနှင့်ပရိဘောဂများဖြစ်ကြပါသည်။ အီးယူသည် ၂၀၁၈ ခုနှစ်တွင် စုစုပေါင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယူရို (၇.၄) ဘီလီယံဖြင့် ဗီယက်နမ်နိုင်ငံ၌ အများဆုံး ပြည်ပရင်းနှီးမြှုပ်နှံသူများတွင် ပါဝင်ပါသည်။

**Source:** ဥရောပကော်မရှင်၊ Press release

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (11.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Aug. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 7,792 | 77,920,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 6,296 | 23,610,000 | 38,929,150 | 145,984 |
| MCB | 00003 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 60 | 475,000 | 10,400,986 | 82,168 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 21,500 | 43 | 936,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,850 | +100 | +3.64% | 2,850 | 2,850 | 2,750 | 446 | 1,255,600 | 12,823,224 | 36,546 |
| EFR | 00006 | 3,100 | +200 | +6.90% | 3,100 | 3,100 | 3,100 | 2 | 6,200 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.28 | +3.68 | +0.85% | 438.15 | 438.98 | 436.59 | 14,639 | 104,202,800 | 6 | 652,139 |

**Index chart**



## Market Overview

As of 1:00 pm, 11th Aug. 2020

| MYANPIX | 438.28 ▲ 3.68 |
|---|---|
| Total Volume (shares) | 14,639 |
| Total Value (MMK) | 104 mil |
| Listed Company | 6 |
| Market Cap. (MMK) | 652,139 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,850 | ▲ 100 |
| [illegible] | [illegible] | [illegible] | [illegible] |

TIR